နှမ်းခင်းကြီးကျေးရွာ

ကျည်တောင်ကန်အုပ်စု

ပုဗ္ဗသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးစွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နှမ်းခင်းကြီးကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊နေပြည်တော်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

ျ

မာတိကာ

မာတိကာ ျ

စကားချီ ၄

ကျေးရွာမြေမျက်နှာသွင်ပြင်နှင့်တည်နေရာပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ် ၆

(၁) နိဒါန်း ၇

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၂

(၅) စီးပွားရေးနှင့် စီမံခန့်ခွဲမှုအခြေအနေ ၁၃

(က) စိုက်ပျိုးရေး

(ခ) မွေးမြူရေး

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ

(၆) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၁၄

(က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုအခြေခံအဆောက်အဦ

(ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦများ

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

(၇) ပညာရေး ၁၅

(က) ပညာရေးဝန်ဆောင်မှု ရရှိနိုင်မှုအခြေအနေ

၃

(၈) ကျန်းမာရေး ၁၆

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုရရှိမှု အခြေအနေ

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

(၉) သဘာဝဘေးအန္တရာယ်ထိခိုက်မှု အခြေအနေ ၁၇

(၁၀) ကျားမ ရေးရာ ၁၇

(၁၁) ဦးစားပေးစီမံချက်လုပ်ငန်းများဇယား ၁၈

(၁၂) စီမံချက်အဆိုပြုလွှာ ၂၀

နောက်ဆက်တွဲ

နောက်ဆက်တွဲ - ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ - ၂ ဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

နောက်ဆက်တွဲ - ၃ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယားများ

စကားချီ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု (၆လ) ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုး ပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူလိုကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတွင် ၅ ရာက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစာပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နှမ်ခင်းကြီးကျေးရွာ

ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်

နှမ်ခင်းကြီးကျေးရွာ တည်နေရာပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်



၁ နိဒါန်း

၁.၁ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ-

ကျေးရွာဆိုသည်မှာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတူသူများ/နီးစပ်သူများ၊ ဆွေမျိုးမကင်းသူများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆင်တူများ/နီးစပ်မှုရှိသူများ စုပေါင်းနေထိုင်ရာ နေရာကိုခေါ်သည်။ ကျေးရွာနှင့် မြို့၏ ကွာခြားမှုမှာ အချို့ကျေးရွာများမှာ တိုးတက်မှုရှိပြီး ကျေးရွာအရွယ်အစားကြီးသော်လည်း အစိုးရရုံးများမရှိ။ အစိုးရဘဏ်များမရှိသောကြောင့် ကျေးရွာဟု သတ်မှတ်ကြသည်။ ပုဗ္ဗသီရိမြို့နယ်တွင် အစိုးရ အမည်ပေါက် ကျေးရွာပေါင်း (၇၁) ရွာရှိပြီး တစ်နိုင်ငံလုံးတွင် ကျေးလက်မြို့နယ်ပေါင်း (၃၀၅) မြို့နယ်အတွင်း အစိုးရအသိအမှတ်ပြု ကျေးရွာပေါင်း(၆၄၈၉၉) ရှိသည်။

ဖွံ့ဖြိုးရေးဆိုသည်မှာ လက်ရှိအခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေသို့ အစီအစဉ်တကျ ပြောင်းလဲသွားခြင်းကိုဆိုလိုသည်။ ဖွံ့ဖြိုးရေးတွင်လည်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးဟူ၍ နှစ်ပိုင်းရှိသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လမ်း၊တံတားများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီး ရရှိလာခြင်း၊ ယာဉ်/ကား၊ စက်ကိရိယာစသည်တို့ ပိုမိုခေတ်မီကောင်းမွန်လာခြင်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်း၊ စာသင်ကျောင်း၊ ဆေးခန်းများ ပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီလာခြင်း စသည်တို့ကိုဆိုလိုသည်။ စိတ်ပိုင်ဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာများ တိုးတက်လာခြင်းကိုဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတွင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးသည် ပိုအရေးကြီးသည်။

ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာ နောင်မျိုးဆက်တွေကို မထိခိုက်ဘဲ ဖွံ့ဖြိုးခြင်းနှင့် သဘာဝ အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူအသုံးမပြုဘဲ ဖွံ့ဖြိုးမှသာ ရေရှည်ဖွံ့ဖြိုးရေးဖြစ်သည်။

ယခင်ကလည်း ကျေးရွာသူ/သားများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းနိုးရာရာ လုပ်ခဲ့ဖူးပါသည်။ ထိုအချိန်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ခဲ့ကြသောအခါ ရပ်မိ/ရပ်ဖ ၊ အုပ်ချုပ်ရေးမှူးတာဝန်ရှိသူများစသည့် လူနည်းစုတို့၏ ဆုံးဖြတ်ချက်နှင့်ဦးဆောင်မှုအရ ၎င်းတို့လုပ်ကိုင်လိုသော လုပ်ငန်းကိုသာ ရွေးချယ်ခဲ့ကြသည်။ ရပ်ရွာမှပါဝင်ရမည့်/ထည့်ဝင်ကြရမည့် ငွေ(သို့မဟုတ်)ပစ္စည်း၊ လူအင်အားစသည်တို့ကိုလည်း ၎င်းတို့ကသာ ဦးဆောင်ဆုံးဖြတ်ခဲ့ကြသည်။

တစ်ရွာလုံးပါဝင်ဆွေးနွေးခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်မရခဲ့ကြပါ။ လုပ်ငန်းတခုဆောင်ရွက်ပြီးစီးပါက ရပ်တန့်နေတတ်ပြီး ဆက်တိုက်လုပ်ဆောင်နိုင်ခြင်းမရှိကြပါ။ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်လည်း မရှိကြပါ။ ၂နှစ်-၃နှစ်ကြာ (သို့မဟုတ်) စိတ်ကူး၎ ၈ ;နောက်လုပ်ငန်းတစ်ခုကို ပြန်လည်လုပ်ဖြစ်တတ်ကြသည်။ ထိုသို့ အကောင်အထည်ဖော် လုပ်ခဲ့ကြသည့် လုပ်ငန်းများသည် ကျေးရွာလုပ်ငန်းစီမံကိန်း (Village Development Plan) ဖြစ်သည်။

ယခု ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် ရပ်မိ/ရပ်ဖ အုပ်ချုပ်ရေး၊ တောင်သူ၊ စိုက်/မွေးမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူများ၊ အမျိုးသမီးများ၊ လူငယ်များစသဖြင့် လူတန်းစားပေါင်းစုံ၊ အသွယ်အရွယ်မျိုးစုံ၊ ကျားမ အချိုးညီဖွဲ့စည်းသွားမည်ဖြစ်သည်။ ၎င်း အဖွဲ့တို့၏ အကြံဉာဏ်နှင့် ဆွေးနွေးမှုမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကို မူတည်၍ လုပ်ငန်းများကို ဦးစားပေးရွေးချယ်သွားမည်။ ဆင်းရဲသားနှင့် အဆင်းရဲဆုံးတို့ ၏ ထိခိုက်လွယ်မှုများ၊ အမျိုးသမီးများနှင့် လူငယ်များ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှု၊ ကျေးရွာ၏ အခွင့်အလမ်းကောင်းများ၊ အလားအလာကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ၊ သဘာဝ အရင်းအမြစ်များ၊ လက်ရှိအခြေအနေများ၊ လက်ရှိ လူ့စွမ်းအားအရင်းအမြစ်များနှင့် လူသားစွမ်းရည်များ တည်ဆောက်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစား ထားပြီး တစ်ရွာလုံးသဘောတူ ရေးဆွဲထားသော စီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(Village Developmen Project) ဖြစ်သည်။

၁.၂ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီးမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း

အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသော အချက်များ နှင့် အဟန့်အတားမျ ၉ ာအချက်များ၊ ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ-

(၁) ကျေးရွာသူ/သားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် ရေးဆွဲနိုင်စေရန်နှင့် ၎င်းတို့တစ်ရွာလုံး သဘောတူ တာဝန်ယူရေးဆွဲထားသော ကျေးရွာစီမံကိန်းကို စနစ်တကျ မှတ်တမ်းတင်ထားရှိရန်

(၂) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် စီမံကိန်းမှတ်တမ်းအား လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရန်

(၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်းအားအခြေခံပြီး မြို့နယ်အဆင့်အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက ၎င်းတို့၏ နှစ်စဉ်ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များအတိုင်း ထင်ဟပ်စေမည့် ဦးစားပေးအစီအစဉ်များကို ထည့်သွင်းရေးသားရန်

၁.၃ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု

ကျေးရွာအတွက်အသုံးဝင်မှု

ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ရေးဆွဲထားသော စီမံကိန်းများကို စနစ်တကျ မှတ်တမ်းတင်ထားခြင်းဖြင့် အစိုးရဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သောဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည်။

အစိုးရဌာနများအတွက်အသုံးဝင်မှု

အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ဌာနအသီးသီးတွင် နှစ်စဉ် စီမံကိန်းနှင့်ဘတ်ဂျက် ရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များကို ထင်ဟပ်စေမည့် လုပ်ငန်းများကို အခြေခံ၍ ဦးစားပေးစီမံကိန်းလုပ်ငန်းများ ရေးဆွဲနိုင်မည်။

၁၀

နိုင်ငံတော်အစိုးရအဖွဲ့များ၏ အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ စီမံကိန်းအသစ်များ ရေးဆွဲချမှတ်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိ ကျေးရွာများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို ထင်ဟပ်စေမည့် မူဝါဒများကို ချမှတ်ရေးဆွဲရာတွင် များစွာအထောက်အကူ ဖြစ်စေမည်။

ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုအပ်ချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ စိတ်ဝင်စားသော လုပ်ငန်းများအတွက် လိုအပ်သော မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များကို အဆင်သင့်ရရှိနိုင်ပြီး အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၄ စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂၀၁၅ခုနှစ်တွင် တိုင်းနှင့်ပြည်နယ် ၁၇ခုသတ်မှတ်ခဲ့ပြီး တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် မြို့နယ် ၂ ခုစီအတွင်းရှိ ကျေးရွာ ၅ ရွာစီ၊ စုစုပေါင်း ကျေးရွာပေါင်း ၁၇၀ တွင် စမ်းသပ်ရေး ဆွဲခဲ့ကြပါသည်။ ၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၉ မြို့နယ်ကို မြို့နယ်လုံးကျွတ်၊ ကျေးရွာပေါင်း ၅၈၀၀ ကျော်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲလျက်ရှိပါသည်။ ပုဗ္ဗသီရိမြို့နယ် အနေဖြင့် လည်း ၂၀၁၇ခုနှစ်တွင် ကျေးရွာ ၁ ရွာကိုကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခဲ့ကြပါသည်။

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင် ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်တော်တို့ နှမ်းခင်းကြီးကျေးရွာသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့၏ အရှေ့ဘက် (၁၀) မိုင်ခန့်၊ အရှေ့လောင်တီတွဒ် (၉၆.၂၀) ဒီဂရီ၊ မြောက်လတ်တီတွဒ် (၁၉.၈၈) ဒီဂရီ ၌ တည်ရှိပါသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် မြေပြန့်နေရာတွင် တည်ရှိပါသည်။ ကျေးရွာသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး မိုးအသင့်အတင့်သာ ရွာသွန်း ပါသည်။ မြေအမျိုးအစားမှာ သဲနွံနုန်းမြေအမျိုးအစား ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာသဘာဝအရင်းအမြစ်များတွင် သဘာဝပေါက်ပင်အနေဖြင့် မန်ကျည်းပင်၊ ကုက္ကိုပင်၊ အုန်းပင်၊ သရက်ပင်၊ ငှက်ပျောပင်၊ ပေါက်ပင်၊ ညောင်ပင်စသည့် နှစ်ရှည်ပင်များရှိပါသည်။ သဘာဝတောရိုင်း တိရစ္ဆာန်များအနေဖြင့် ငှက်မျိုးစုံ အနည်းငယ်သာတွေ့ရှိနိုင်ပါသည်။ ရာသီသီးနှံများဖြစ်သော ပြောင်း၊ ပဲတီစိမ်း၊ နှမ်းနှင့် မတ်ပဲတို့ စိုက်ပျိုးလျက်ရှိပါသည်။ သဘာဝသယံဇာတ မထွက်ရှိပါ။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ နှမ်းခင်းကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၆၁) ရှိပြီး လူဦးရေပေါင်း (၆၉၅) ဦး (က-၃၃၁+မ-၃၆၄) ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄) ဦးခန့်ရှိသဖြင့် စံနှုန်း ဖြစ်သော တစ်အိမ်ထောင် ပျမ်းမျှလူဦးရေး တိုးပွါးမှု (၄)ယောက်နှုန်း ရှိသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ (၄၈၈)ဦး (၇၀.၂၁)%ရှိပြီး ကျေးရွာ၏ အလုပ်လုပ်နိုင်သော အရွယ်များ ဖြစ်၍ လုပ်သားအင်အားပေါများသည်ကို တွေ့ရပါသည်။ ၎င်းအလုပ်လုပ်နိုင်သော သူများ

သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များ ကျွမ်းကျင်သူနည်းပါးပြီး ကျပန်း/နေ့စားလုပ်ငန်းများကိုသာ လုပ်ကိုင်လျှက်ရှိရာ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်များအား ထောက်ပံ့ပေးခြင်းအားဖြင့် မိသားစုစီးပွားရေး ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။ နို့စို့အရွယ်နှင့် ၅နှစ်အောက် ကလေးငယ် စုစုပေါင်း (၄၈) ဦး ရှိပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်အို (၂၈) ဦး ရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

နှမ်းခင်းကြီးကျေးရွာတွင် အဖွဲ့အစည်း (၃)ဖွဲ့ ရှိပါသည်။ ၎င်းတို့မှာ လူမှုရေးအဖွဲ့၊ လမ်းကော်မတီနှင့် ဝါတွင်းကာလ ဆွမ်းလောင်းလူငယ်အဖွဲ့တို့ ဖြစ်ကြပါသည်။ ၎င်းအဖွဲ့များအနက် လူမှုရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည် ကောင်းမွန်စွာ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါသည်။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်တွင် ကျေးရွာသူ ကျေးရွာသားများ အနေဖြင့် အစဉ်အလာအရ ခေါင်းဆောင် ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်ရန် အကျင့်ပါနေခြင်းကြောင့် အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်သဘောပေါက်မှု အားနည်းခြင်း၊ စုပေါင်းဆုံးဖြတ်ချက် ချမှတ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု စနစ်များတွင် အားနည်းလျှက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုကြောင့် ကျေးရွာရှိ အဖွဲ့အစည်းများအတွက် အဖွဲ့အစည်း ဆိုင်ရာ သဘောတရားများကို နားလည်သဘော ပေါက်စေရေး စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ် များ လုပ်ဆောင်ပေးခြင်းဖြင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်တက်လာနိုင်ပြီး ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် ပိုမိုအားကောင်းလာမည် ဖြစ်ပါသည်။ နှမ်းခင်းကြီးကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်း မရှိပါ။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) စိုက်ပျိုးရေး

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့်ပတ်သတ်၍ ယခင်က လယ်ယာမြေများ ပိုင်ဆိုင်ခဲ့သော်လည်း ၂၀၀၇-၂၀၀၈ ခုနှစ်များတွင် မြို့ပြစိမံကိန်းအရ လယ်ယာမြေများအားလုံး သိမ်းဆည်းခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ နှမ်းခင်းကြီးကျေးရွာအနေဖြင့် ကျေးရွာသူ/သားများအားလုံး ယခုအခါ လယ်ယာမြေ မိုင်ဆိုင်မှု မရှိခြင်း ဖြစ်ပါသည်။

(ခ) မွေးမြူရေး

မိမိတို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် နွားမွေးမြူရေးတွင် (၄.၉%)၊ ဝက် မွေးမြူရေးတွင် (၂၈.၅၇%)၊ ကြက်မွေးမြူရေးတွင် (၁၆.၁%) ရှိပြီး ဘဲမွေးမြူသူ (၁) ဦး

ရှိပါသည်။ စိုက်ပျိုးမြေများ မရှိတော့သည့်အတွက် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်လိုသူများ ရှိသော်လည်း အရင်းအနှီး မရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ မရရှိခြင်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့်လည်း မွေးမြူရေးဆိုင်ရာ အသိပညာ အားနည်းခြင်း၊ ကြိုတင် ကာကွယ်ဆေးထိုးရန် ငွေကုန်မခံလိုခြင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်မှု အားနည်းခြင်း၊ မိရိုးဖလာ မွေးမြူရေးနည်းများကိုသာ အသုံးပြုသည့် အတွက် အကျိုးအမြတ် အနည်းငယ်သာ ရရှိပါသည်။ ထို့အပြင် မိုးရာသီကာလများတွင် ကျေးရွာအတွင်း မိုးရေများဝင်ရောက်မှုများရှိခဲ့ရာ တိရစ္ဆာန်များထားရန် နေရာအခက်အခဲများ တွေ့ကြုံရသောကြောင့် မွေးမြူရေးလုပ်ငန်းအား အိမ်ထောင်စုအနည်းငယ်သာ တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ယခုအခါ ရေမြောင်းတူးဖော်ခြင်း ပြုလုပ်ပြီးပါက မိုးရေဝင်ရောက်မှုနှင့် ရေနစ်မြုပ်မှုများ လျော့နည်းသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ မွေးမြူ နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကြိုတင် ကာကွယ်ဆေး ထိုးခြင်းများ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေး လုပ်ငန်း လုပ်ကိုင်လိုသူ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ် တိုးချဲ့ မွေးမြူနိုင်မည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိပါ။ ဝင်ငွေရလုပ်ငန်းများ အနေဖြင့် အရောင်းအဝယ် (စျေးရောင်း) လုပ်ကိုင်သူ (၇) အိမ်ထောင်စု၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများတွင် အစိုးရဝန်ထမ်း အိမ်ထောင်စု (၃)စု၊ ကားမောင်းသူ (၃) အိမ်ထောင်စု၊ လက်သမား၊ စက်ချုပ်၊ ဝပ်ရှော့၊ ကယ်ရီ၊ သံပန်း၊တစ်ပိုင်တစ်နိုင် မုန့်လုပ်ငန်းခြင်း၊ ဝါးထရံ ယက်လုပ်ခြင်း၊ ရေတွင်းတူး ခြင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အိမ်ထောင်စု (၁)စုရှိသည်ကို တွေ့ရှိရပါသည်။ ကျန် အိမ်ထောင်စုများသည် ကျပန်း/နေ့စားလုပ်ငန်းများ လုပ်ကိုင်လျှက်ရှိပါသည်။ ကျပန်း/နေ့စားလုပ်ကိုင်သူအချို့တွင်သည် တောင်ပေါ်သို့သွားရောက်၍ မျှစ်ချိုးခြင်း၊ ဝါးခုတ်ခြင်း၊ ရရှိလာသော ဝါးများအား ဝါးထရံယက်လက်လုပ်ခြင်းလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြပါသည်။ ထို့အပြင် ၎င်းတို့အနေဖြင့် အလုပ်ရုံ၊ စက်ရုံများ မရှိခြင်း၊ ဝင်ငွေမမှန်ခြင်းများကြောင့် မိသားစု စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျပန်း/နေ့စား လုပ်ကိုင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်မှု နည်းပါးခြင်း၊ သင်တန်း တက်ရောက်ရန် စိတ်ပါ ဝင်စားသော်လည်း ငွေကြေး မတတ်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အရင်းအနှီးမရှိခြင်းများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်

လိုသူများအတွက် အတိုးနည်းချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ချိတ်ဆက် ဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဆိုပါက စီးပွားရေး အခြေအနေ ပိုမိုတိုးတက် လာနိုင်မည်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းများ

ကျေးရွာသူ/သားများအနေဖြင့် ဘဏ်ဝန်ဆောင်မှုများနှင့် အလှမ်းဝေးခြင်း၊ အခြား ပုဂ္ဂလိက ချေးငွေ ထုတ်ချေးသူများရှိသော်လည်း အတိုးနှုန်းများခြင်း၊ အပတ်စဉ် အရစ်ကျ ပြန်လည် ပေးဆပ်ရခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူများကိုသာ ထုတ်ချေးပေးခြင်း၊ လုပ်ငန်းရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေ ရရှိမှုနည်းပါးခြင်း/ မလုံ လောက်ခြင်းများ တွေ့ရှိရ ပါသည်။ ထိုကြောင့် ကျေးရွာသူ/သားများအနေဖြင့် လုပ်ငန်းရင်းနှီးငွေ လုံလောက်စွာရရှိရေး၊ အတိုး နည်း ချေးငွေရရှိရေးများအတွက် ဘဏ်/ငွေကြေးဝန်ဆောင်မှု အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှု အခြေခံအဆောက်အဦ

မိမိတို့ကျေးရွာသည် ကုန်စည်များ ရောင်းဝယ်နိုင်ရေးအတွက် ကျည်တောင်ကန်ဈေး သည် အနီးဆုံးတွင် တည်ရှိနေပြီး လက်ကားရောင်းဝယ်ခြင်း၊ အဝယ်ဒိုင်များသို့ ရောင်းချခြင်းများ အတွက် ပုဗ္ဗသီရိဈေး၊ ပျဉ်းမနားဈေးသို့ ထု ၁၅ အား ရောင်းချလျှက်ရှိပါသည်။ ကုန်စည်များ သယ်ယူရာတွင် နွားလှည်း၊ ဆိုင်ကယ်၊ ထော်ဆလာ၊ ယာဘီးဆိုင်ကယ်နှင့် ကားများကို အသုံးပြုလျှက် ရှိပါသည်။ မိမိတို့ကျေးရွာသည် ပုဗ္ဗသီရိမြို့ သံလွင်လမ်းမကြီးအနီးတွင် တည်ရှိသည့် အတွက် ထုတ်ကုန်များ ရောင်းချခြင်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းများတွင် သွားလာရ အဆင်ပြေ ချောမွေ့ပါသည်။ သို့သော် ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ အသုံး ပြု၍ အဆင်ပြေပါသည်။ မိုးရာသီတွင် မိုးရေဝင်ခြင်း၊ ဗွက်များထခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပေါ် သဖြင့် ကျောင်းသား/သူများနှင့် လမ်း အသုံးပြုသူ ကျေးရွာသူ/သားများ အနေဖြင့် သွားလာရ ခက်ခဲ လျှက် ရှိပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများ ပြုပြင်ပြီးဖြစ်ပါက ယခုထက် သွားလာရပိုမို လွယ်ကူ ခြင်း၊ ကုန်စည်များပို့ဆောင်ရာတွင် ပိုမိုအဆင် ၁၅ ဖြစ်ပါသည်။

(ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အဦးများ

နှမ်းခင်းကြီးကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသူ အိမ်ထောင်စု (၁၅၁)စု ရှိပြီး ဆိုလာစနစ်သုံးစွဲသူ အိမ်ထောင်စု (၉)စု၊ အခြား (၁)ဦးသာ ရှိပါသည်။

(ဂ) ဆက်သွယ်ရေး၊ သတင်းနှင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦ

ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်းအသုံးပြုနိုင်သူ (၈၃.၈၅%)ရှိပါသည်။ သတင်းအချက်အလက် နည်းပညာများအနေဖြင့် ဖုန်းအသုံးပြုသူများ အနေဖြင့် internet၊ facebookများ အသုံးပြုခြင်း၊ တီဗွီနှင့် ရေဒီယိုများအသုံးပြုခြင်းဖြင့် ဗဟုသုတနှင့် နည်းပညာ အချက်အလက်များကို ရရှိကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် စာပေဗဟုသုတ ပိုမိုတိုးတက်လာစေရေးအတွက် စာဖတ်သည့် အလေ့အထရှိခြင်း စာဖတ်ရန် စာကြည့်တိုက်ရှိခြင်း တို့သည် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ပါသည်။ သို့သော် နမ်းခင်းကြီးကျေးရွာတွင် စာဖတ်ဝါသနာပါသော လူငယ်များ၊ လူကြီးများ ရှိသော်လည်း စာကြည့်တိုက်မရှိသည့်အတွက် စာအုပ်များ ဝယ်ယူဖတ်ရှုခြင်းများရှိသော်လည်း ငွေကြေးကုန်ကျမှုများသဖြင့် ဝယ်ယူဖတ်ရှုသူ နည်းပါးလျှက် ရှိပါသည်။ ထို့ကြောင့် နမ်းခင်းကြီးကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်ပေးမည်ဆိုပါက စာဖတ်ဝါသနာပါသူများအတွက် ပိုမိုအဆင်ပြေနိုင်ပြီး၊ ကျေးရွာသူ/သားများအနေဖြင့် စာဖတ်ရန် စိတ်ဝင်စားလာခြင်းအပြင် ကျောင်းသူ/သားများ အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

၇။ ပညာရေး

(က) ပညာရေးဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ

နမ်းခင်းကြီးကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ကျည်တောင်ကန်ကျေးရွာ၊ ပုဗ္ဗသီရိမြို့သို့ သွားရောက် သင်ကြားရသော်လည်း နီးကပ်စွာရှိသည့်အတွက် ခြေလျင်သွားခြင်း စက်ဘီး၊ဆိုင်ကယ်ဖြင့် လွယ်ကူစွာသွားရောက်နိုင်သဖြင့် အခက်အခဲမရှိ ပညာသင်ကြားနိုင်ပါသည်။

၈။ ကျန်းမာရေး

(က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ

နမ်းခင်းကြီးကျေးရွာတွင် ကျန်းမားရေးဌာနမှ တာဝန်ကျဆရာ/မများမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိသော်လည်း ကျန်းမာရေးအတွက် ကုသရန် ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျေးရွာတွင် သွေးတိုး၊ဆီးချို၊ရောဂါဖြစ်ပွားသူ တစ်နှစ်ထက်တစ်နှစ်များပြားလာပါသည်။ ရာသီလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက် ဝမ်းလျော၊ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုသည် အနည်းငယ်သာ ရှိပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် လမ်းဘေး ဆေးဆိုင်များမှ ဆေးများဝယ်ယူသောက် သုံးနေကြပါသည်။ ဆေးလိုအပ်ပါက ကျည်တောင်ကန်ကျေးရွာ၊ ပုဗ္ဗသီရိစျေးသို့ သွားရောက်ဝယ်ယူရခြင်း ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သတ်၍ ပုဗ္ဗသီရိ၊ ပျဉ်းမနား ဆေးရုံများသို့ သွားရောက်ပြသရပါသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် ကျန်းမာရေးအသိပညာပေး ဟောပြော

ပွဲများ ကျင်းပပေးခြင်း၊ ကျေးလက် ဆေးပေးခန်းတည်ဆောက်ပေးခြင်းဖြင့် ကျေးရွာသူ ကျေးရွာသား များအတွက် ကျန်းမာရေးအသိပညာများ တိုးပွားလာပြီး ကျန်းမာရေးအတွက် ပိုမိုစိတ်ချရသည့် အခြေ အနေများ ရရှိနိုင်ပါသည်။

(ခ) သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ကျေးရွာတွင် ရေတွင်း (၁)တွင်း၊ အဝီစိတွင်း/တုံကင် (၅၆)တွင်း ရှိပြီး ကျေးရွာသူ/သား များအနေဖြင့် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိပါသည်။ ကိုယ်ပိုင်ရေတွင်း မရှိသူ ကျေးရွာသူ/သားများ အနေဖြင့်လည်း နီးစပ်ရာ အိမ်ထောင်စုများနှင့် တွဲဖက်အသုံးပြုခြင်း ဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စု အားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၁၀၀)ဦး သည် ကိုယ်ပိုင်ယင်လုံ အိမ်သာများရှိပြီး ကျန်အိမ်ထောင်စုများမှာ မိဘများနှင့် တွဲဖက်နေထိုင် အသုံးပြု ကြခြင်းဖြစ်ပါသည်။

၉။ သဘာဝဘေးအန္တရာယ်ထိခိုက်မှု အခြေအနေ

မိမိတို့ကျေးရွာတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် ဆိုးဆိုးဝါးဝါးအခြေအနေများ ကြုံတွေ့ ရခြင်း မရှိသေးပါ။

၁၀။ ကျား၊ မ ရေးရာ

ပညာရေးဆိုင်ရာ ကဏ္ဍများတွင်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ပညာ လေ့လာသင်ယူရာတွင် ပိုမိုများပြားပါသည်။ ထို့ကြောင့် ပညာရေးကဏ္ဍ အနေဖြင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိပါသည်။ အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရန် ခွင့်ပြု ထားသော်လည်း အမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများကိုသာ ဦးစားပေးဆောင်ရွက် နေရသည့် အတွက် ပါဝင်မှု မရှိပါ။ သို့သော်လည်း လူမှုရေးကိစ္စများ၊ ကျေးရွာသာရေး၊ နာရေး ကိစ္စများ တွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြပါသည်။ မိမိတို့ကျေးရွာတွင် အမျိုးသမီး များ၌ သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ (သို့မဟုတ်) တိုင်ကြားမှုများ မရှိခဲ့ပါ။ အကြမ်းဖက်မှုဆိုင်ရာ ဥပဒေနှင့်ပတ်သတ်၍ ကျေးရွာလူထု၌ အသိပညာ ရှိကြပါသည်။

နှမ်းခင်းကြီးကျေးရွာ လုပ်ငန်းစီမံချက် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်းအမှတ်ပေးဇယား

လုပ်ငန်းစီမံချက်	အမှတ်ပေးသူ (၁)	အမှတ်ပေးသူ (၂)	အမှတ်ပေးသူ (၃)	အမှတ်ပေးသူ (၄)	အမှတ်ပေးသူ (၅)	အမှတ်ပေးသူ (၆)	အမှတ်ပေးသူ (၇)	အမှတ်ပေးသူ (၈)	အမှတ်ပေးသူ (၉)	အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
ရေနုတ်မြောင်းဆောင်ရွက်ရန်	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
ရွာတွင်းလမ်များပြုပြင်ခြင်း (၄)လမ်း(မြေသားမှ ရိုစာ)	၁၀	၁၀	၁၀	၁၀	၅	၁၀	၂	၁	၁၀	၁၀	၈၇	၂
ကျေးလက်ဆေးပေးခန်းဆောက်လုပ်ရန်	၁၀	၃	၁၀	၅	၅	၁	၁	၁	၁	၁	၃၈	၃
အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန်	၂	၅	၃	၅	၂	၁	၁	၁	၁	၁၀	၃၁	၄
စာကြည့်တိုက်ဆောင်ရွက်ရန်	၁	၂	၅	၅	၅	၁	၁	၃	၁	၁	၂၅	၅

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- နှမ်းခင်းကြီး
ကျေးရွာအုပ်စု	- ကျည်တောင်ကန်
မြို့နယ်	- ပုဗ္ဗသီရိမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- နေပြည်တော်
စီမံချက်အမည် - နှမ်းခင်းကြီးကျေးရွာ ရေနှုတ်မြောင်း (၁၃)ခု ပြုလုပ်ခြင်း	

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

နှမ်းခင်းကြီးကျေးရွာ၏ အနောက်ဘက်၌ ရေမြောင်းတစ်ခုရှိပါသည် မိုးတွင်းအခါ ထိုရေမြောင်းတဘောင်မှာ နိမ့်၍ ရေကျော်ခြင်း တဘောင်ကျိုးပေါက်၍ ရေဝင်ခြင်း ကြောင့်ရေများသည် ရွာထဲရှိ နေအိမ်များအောက်သို့ဝင်ရောက်ခြင်း၊ ရွာလယ်လမ်းမကြီး၏ရေထွက်ပြွန်များပိတ်ဆို့နေခြင်း ရှင်းလင်းရန်ခက်ခဲခြင်း၊ ထိုသို့ ဝင်ရောက်မှုများကြောင့် ကျေးရွာသူ/သားများအနေဖြင့် အခက်အခဲ များ ဖြစ်ပေါ်လျှက်ရှိပါသည် လမ်းမကြီး၏ နိမ့်သော နေရာများ ရေကျော် ပျက်စီးခြင်း၊ အိမ်ဝိုင်း ခြံများအတွင်း ရေဝင်ရောက်ခြင်း၊ ဗွက်ထခြင်း ဖြစ်ပေါ်နေပါသည်။ ထိုကြောင့် အုတ်စီမြောင်း ပြုလုပ်ရန် လိုအပ်နေပါသည်။

စီမံချက် ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)

အထက်ဖော်ပြပါအခက်အခဲများဖြစ်ပေါ်နေပါသဖြင့် ရွာလယ်လမ်းမကြီးနှင့် ရှေ့-နောက် လမ်းဖြတ်နေရာများတွင် အုတ်စီမြောင်းများဆောင်ရွက်ပြီးစီးပါက လူနေအိမ်ခြံဝင်းများအတွင်း ဝင်ရောက်သော ရေများသည် မြောင်းများမှတစ်ဆင့် ရွာ၏ အရှေ့ဘက်မြေနိမ့်ပိုင်းသို့ လျင်မြန်စွာ စီးဆင်းသွားနိုင်မည်ဖြစ်ပြီး ကျေးရွာအတွင်းရေနစ်မြုပ်မှု အခြေအနေမှ လွတ်မြောက်၍ ပိုမို ကောင်းမွန်သွားမည်ဖြစ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

ကျေးရွာရှိအိမ်ခြံဝန်းများအတွင်း ရေဝင်ရောက်မှုများ မရှိခြင်းကြောင့် ကျေးရွာသူ/သားများ အနေဖြင့် တနိုင်တပိုင်မွေ:မြူရေးလုပ်ငန်းများ မွေးမြူနိုင်ခြင်း၊ ကြက်၊ဝက်၊ဘဲ၊နွားများ ထားရှိမှု နေရာကျယ်ဝန်းလာခြင်း၊ ကျေးရွာနေလူထု၏ ကျန်းမာရေး၊ သွားလာနေထိုင်ရေး၊ ကျောင်းသူ/

သားဇ၏ ပညာရေးနှင့်နှင့် သာရေးနာရေး ဖြစ်ပေါ်ပါက လုပ်ငန်းများ လုပ်ဆောင်ရွက်ရန် လွယ်ကူ ချောမွေ့ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

၁၉

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)								
ကုန်ကျစရိတ်ထည့်ဝင်မှု								
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)				ထည့်ဝင်မည့်အစီအစဉ်				
၈၅၄၁၀၀၀/- ကျပ် (ငွေသား)				• ကျေးလက်ဦးစီး				
(ပစ္စည်း/လုပ်အား)				• ကျေးရွာ • ကျေးရွာ				
(ငွေသား)				• ကျေးလက်ဦးစီး				
အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၃၃၁	၃၆၄	၆၉၅	၂	၁၇	၁၂၈	၁၄	၁၆၁
အကျိုးခံစားမည့် ဦးရေ	၃၃၁	၃၆၄	၆၉၅	၂	၁၇	၁၂၈	၁၄	၁၆၁
မှတ်ချက်။ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ -၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကျေရွာဖွံ့ဖြိုးရေးအတွက် ဝယ်ယူရေးကော်မတီ
(၂) စီမံချက် စတင်မည့် အချိန် (ခန့်မှန်း) သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရရှိသည့် အချိန်
(၃) စီမံချက် ပြီးစီးမည့် အချိန် ၁၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

ကျေးရွာသူ/သားများမှ လုပ်သားအင်အားကို လုပ်အားကုန်ကျငွေ၏ တစ်ဝက်ကို ထည့်ဝင်ငွေ အဖြစ် ထည့်ဝင်သွားမည် ဖြစ်ပါသည်။

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

လုပ်ငန်းလည်ပတ်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၊ ဝယ်ယူရေးကော်မတီ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအဖွဲ့၏ဦးဆောင်မှုဖြင့် ကိုယ်ထူ ကိုယ်ထပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- နှမ်းခင်းကြီး
ကျေးရွာအုပ်စု	- ကျည်တောင်ကန်
မြို့နယ်	- ပုဗ္ဗသီရိမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- နေပြည်တော်
စီမံချက်အမည် - ရွာတွင်လမ်း ရိစာခင်းခြင်း (၇၅၀' × ၁၂' × ၆")	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ အဆိုပါ ရွာတွင်းလမ်းမှာ ပေအရှည် (၇၅၀)ပေခန့်ရှိပြီး မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ လမ်းချော်ခြင်းများကြောင့် သွားလာရန်လွန်စွာခက်ခဲလျက်ရှိပါသည်၊ ထို့ကြောင့် အဆိုပါ လမ်းအား ရိစာလမ်းခင်းပေးခြင်းဖြင့် ဒေသခံပြည်သူများသွားလာရေးအဆင်ပြေချောမွေ့စေမည် ဖြစ်ပါ သည်။	
စီမံချက် ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြ ရန်) လက်ရှိမြေသားလမ်းမှ ရိစာလမ်း ခင်းခြင်းဖြင့် ဒေသထွက် သီးနှံများ ဈေးကွက်သို့ လျှင်မြန်စွာ ပို့ဆောင်နိုင်ခြင်း၊ ကျန်းမားရေးနှင့် ပညာရေးအတွက် သွားလာနေကြသော ကျေးရွာသူ/သား အနေဖြင့် သွားလာရပိုမို လွယ်ကူလာခြင်း၊ သဘာဝဘေးအန္တရာယ်ကိစ္စများ ပေါ်ပေါက်လာပါက အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) ပေပေါင်း(၇၅၀)ခန့် ရိစာလမ်းခင်းပေးခြင်းဖြင့် ကျေးရွာသူ/သားအနေဖြင့် သွားလာရ လွယ်ကူ ခြင်း၊ လမ်းများ ကောင်းမွန်လာခြင်းကြောင့် ကျောင်းသား/သူများ သွားလာရာတွင် အဆင်ပြေ ချောမွေ့လာပြီး ကျောင်းပညာရေး ပိုမိုကောင်းမွန်စွာ သင်ယူလာနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
၁၄၅၉၀၀၀/- ကျပ် (ငွေသား)	• ကျေးလက်ဦးစီး
	• ကျေးရွာ

၄၃၇၁၃၀၀/-တန်ဖိုးရှိလုပ်အား(ပစ္စည်း/လုပ်အား)	• ကျေးရွာ
(ငွေသား)	• ကျေးလက်ဦးစီး

၂၂

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၃၁	၃၆၄	၆၉၅	၂	၁၇	၁၂၈	၁၄	၁၆၁
အကျိုးခံစားမည့် ဦးရေ	၃၃၁	၃၆၄	၆၉၅	၂	၁၇	၁၂၈	၁၄	၁၆၁
မှတ်ချက်။ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ -၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကျေရွာဖွံ့ဖြိုးရေးအတွက် ဝယ်ယူရေးကော်မတီ
(၂) စီမံချက် စတင်မည့် အချိန် (ခန့်မှန်း) သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်ရရှိသည့် အချိန်
(၃) စီမံချက် ပြီးစီးမည့် အချိန် ၁၅.၉.၂၀၁၈
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာမှ လုပ်အားထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ လုပ်ငန်းလည်ပတ်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၊ ဝယ်ယူရေးကော်မတီ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအဖွဲ့၏ဦးဆောင်မှုဖြင့် ကိုယ်ထူ ကိုယ်ထပြန်လည်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၃	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၆	၂၃	၃၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၂	၂၉	၆၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၅	၃၅	၇၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၃၅	၂၅၃	၄၈၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉	၂၁	၂၈
စုစုပေါင်း		**၃၃၁**	**၃၆၄**	**၆၉၅**
စုစုပေါင်း အိမ်ထောင်စု		**၁၆၁**		

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိအိမ်ထောင်စု(၁၆၁)စုတွင် ကျား(၃၃၁)၊ မ(၃၆၄) စုစုပေါင်း(၆၉၅)ဦး ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးခန့် ရှိပါသည်။ (၁)နှစ်အောက်ကလေးငယ်မှာ(၉)ယောက်ရှိပြီး (၁.၂၉%)သာရှိသည့်အတွက် ကျေးရွာတွင် ကလေးမွေးဖွားမှုနှုန်းနည်းသည်ကို တွေ့ရှိရပါသည်။ (၇၀.၂၁%)သည် ၁၅နှစ်မှ၆၄နှစ်အကြား အလုပ်လုပ်နိုင်သောအရွယ်များဖြစ်၍ လုပ်သားအင်အား ပေါများ ပါသည်။

(၂) သဘာဝရင်းမြစ်များ

(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်)
လယ်မြေ				
ယာမြေ				
ဥယျာဉ်ခြံမြေ				

အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့်ပတ်သတ်၍ ယခင်က လယ်ယာမြေပိုင်ဆိုင်မှုများ ရှိခဲ့သော်လည်း ၂၀၀၇-၂၀၀၈ခုနှစ်များတွင် မြို့ပြစီမံကိန်းအရ လယ်ယာမြေများအားလုံး သိမ်းဆည်းခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ နှမ်းခင်းကြီးကျေးရွာအနေဖြင့် ကျေးရွာသူ/သားများအားလုံး ယခုအခါ လယ်ယာမြေ ပိုင်ဆိုင်မှု မရှိခြင်းဖြစ်ပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ)စသည်	မရှိ	
အခြားသဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော)	မရှိ	
ပျမ်းမျှအပူချိန်-	ပျမ်းမျှမိုးရေချိန်-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဧယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	(ဒ အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	လူမှုရေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကျေးရွာနေ ရွာသူ/သားများ အားလုံးပါဝင်သည့်အတွက် ခိုက်မာတောင့်တင်းမှု ရှိပါသည်။
၂	လမ်းကော်မတီ	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	၎င်းကော်မတီသည် လွတ်တော် ရန်ပုံငွေဖြင့် လမ်း(၃)လမ်း ခင်းရန်အတွက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။
၃	ဝါတွင်းဆွမ်း လောင်းအဖွဲ့	၁□ ၂□ ၃√	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	၎င်းအဖွဲ့သည် ဝါတွင်းကာလ များတွင် ဘာသာရေးလုပ်ငန်း များကို အကောင်းဆုံး လုပ်ဆောင်ပါသည်။
၄		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၅		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၆		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ငွေကြေး □	

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ ၎ ယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေးအဖွဲ့ (၂)ဖွဲ့နှင့် ဘာသာရေးအဖွဲ့ (၁)ဖွဲ့ ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်များ အသင့်အတင့်ရှိကြောင်းနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်း ဆောင်ရွက်မှုများ ရှိသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးရေရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းထားခြင်းမရှိပါ။ လူမှုရေးအဖွဲ့တွင် အမျိုးသား/သမီးများအားလုံး တက်ကြွ စွာ ပါဝင်ဆောင်ရွက်ကြပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-	-	-
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂	၁၇	၁၂၈	၁၄

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၈.၆%)မှာ မပြေလည်သောအိမ်ထောင်စု၊ (၇၉.၅%) အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၁၀.၅၅%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုနှင့် (၁.၂%) မှာ အဆင်ပြေသောအဆင့်အိမ်ထောင်စုများ ဖြစ်ကြပါသည်။ မိမိတို့ကျေးရွာ အနေဖြင့် လယ်ယာမြေပိုင်ဆိုင်မှု မရှိသည့်အတွက် မပြေလည်သော အိမ် ထောင်စုများများပြားစွာတွေ့ရှိရပါသည်။ ဝင်ငွေရလုပ်ငန်းများအနေဖြင့် စျေးရောင်း၊ကျပန်း/နေ့စား လုပ်ငန်း များ၊ တောင်ပေါ်ဝါးခုတ်ခြင်း လုပ်ငန်းများကိုသာ လုပ်ကိုင်ရပါသည်။ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အတတ်ပညာတတ်မြောက်မှုနည်းပါခြင်းနှင့်အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများ ဖြစ်ကြသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထော အရေအတ		ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	**မြေယာမဲ့**	၁၆၁	၁၀၀ %	**မြေမဲ့ယာမဲ့**
၂	၂.၅ ဧကအောက်			**ဆင်းရဲသားတောင်သူ**
၃	၂.၅ ဧကမှ ၅ ဧက ကြား			**တောင်သူငယ်**
၄	၅ ဧကမှ ၁၂.၅ ဧက ကြား			**တောင်သူလတ်**
၅	၁၂.၅ ဧက အထက်			**တောင်သူကြီး**
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၆၁	၁၀၀ %	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာအနေဖြင့် လယ်ယာမြေပိုင်ဆိုင်မှု မရှိသည့်အတွက် ကျေးရွာ သူ/သားများအနေဖြင့် အဆင်ပြေသောအိမ်ထောင်စုများနှင့်အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည် သောအိမ်ထောင်စုများမှာ နေ့စားလုပ်ငန်းများ၊ ဝါးခုတ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြကြောင်း တွေ့ရှိရ ပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

သီးနှံ	စုစု ပေါင်း စိုက်	တစ်ဧက အထွက်နှုန်း	အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်

	ကော	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး						
ပြောင်း						
မြေပဲ						
နှမ်း						
မတ်ပဲ						

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေပိုင်ဆိုင်ခြင်းမရှိသောကြောင့် သီးနှံစိုက်ပျိုးမှုမရှိပါ။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		၅၁
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၄၆	၈၃
ကြက်	၂၆	၁၃၆
ဘဲ	၁	၇
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ မိုးရာသီကာလများတွင်ကျေးရွာအတွင်း မိုးရေများဝင်ရောက်မှုများရှိခဲ့ရာ တိရစ္ဆာန်များထားရန် နေရာအခက်အခဲများ တွေ့ကြုံရသောကြောင့် မွေးမြူရေးလုပ်ငန်းအား အိမ်ထောင်စုတစ်ဝက်ခန့်သာ တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ယခင်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်မွေးမြူရန်အတွက် တစ်အိမ်ထောင်လျှင် (၅၀၀၀/-)ကျပ်ထုတ်ချေးပေးပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ခဲ့သော်လည်း ကျေးရွာရှိအိမ်ထောင်စုများတွင် တိရစ္ဆာန်များထားရန်အတွက်နေရာမရှိခြင်း၊ လက်လုပ်လက်စားလုပ်ကိုင်သူများပြားခြင်း တို့ကြောင့် တစ်ရွာလုံးအနေဖြင့် (၁၅)ဦးခန့်သာ မွေးမြူနိုင်ခဲ့ကြပါသည်။

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း	၂		၄	လတ်
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	၁	၃	၂	လတ်
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၃	၆	၆	လတ်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၇		၁၀	လတ်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၃		၈	
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				

၁၁	**အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				
၁၂	**ပညာရေး**	၃		၃	**လတ်**
၁၃	**ကျန်းမာရေး**				
၁၄	**လူမှုရေးလုပ်ငန်းများ**				
၁၅	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**	၇		၁၉	**နိမ့်**
	စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ-				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိပါ။ ဝင်ငွေရလုပ်ငန်းများ အဖြစ် ကျပန်း/နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလုပ်လုပ်နိုင်သော ဦးရေများပြားသည့်အတွက် ကျေးရွာ တိုးတက် မှု ဆောင်ရွက်နိုင်ရန် အလားအလာကောင်းတစ်ရပ်ဖြစ်သော်လည်း အသက်မွေးမှုဆိုင်ရာ အတတ်ပညာများ တတ်မြောက်သူရှားပါးသည့် အတွက် ကျပန်း/နေ့စားလုပ်ကိုင်သူများသာ များပြားလျှက်ရှိပါသည်။ အပ်ချုပ်၊ လက်သမား၊ ပန်းရံလုပ်ငန်းများ မြို့ပေါ်တွင်ရှိသော်လည်း သက်ဆိုင်ရာလုပ်ငန်းများအတွက် စနစ်တကျ သင်တန်းပို့ချပေးသည့် အခြေအနေများ အားနည်းပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅-၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျည်တောင်ကန်ဈေး	ပုဗ္ဗသီရိဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် □ ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင် အထက် □
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်√ စက်ဘီး√ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား □ သုံးဘီးဆိုင်ကယ် √ လှေ □ စက်လှေ □	ခြေလျင်√ စက်ဘီး√ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား □ သုံးဘီးဆိုင်ကယ် √ လှေ □ စက်လှေ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွာနှင့်အနီးဆုံးဈေးမှာ ကျည်တောင်ကန်ဈေးဖြစ်ပြီး (၀.၄)မိုင်ခန့် ကွာဝေး ပါသည်။ အကြီးစားဈေးကွက်မှာ ပုဗ္ဗသီရိဈေးဖြစ်ပြီး (၀.၇)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာမှ ထွက်ကုန် ဖြစ်သည့် မျှစ်များ၊ ဝါးဖျာများကို ဈေးများသို့ သယ်ယူပို့ဆောင်ရောင်းချရာတွင် ဆိုင်ကယ်၊ ကား၊ ထော်လာကျီ များ အသုံးပြုနေကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအနေဖြင့် ထွက်ကုန်များအား ရောင်းချရာတွင် လည်း ကောင်း၊ အသုံးအဆောင်ပစ္စည်းများအား ဝယ်ယူရာတွင် လည်းကောင်း ဈေးကွက်အနေဖြင့် အဆင်ပြေ ချောမွေ့ကြောင်းတွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် √ ညံ့ □	ပွင့်လင်း ရာသီ √ တစ်နှစ်ပတ်လုံး□	၀–၁ မိုင် √ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့□	ပွင့်လင်း ရာသီ □ တစ်နှစ်ပတ်လုံး□	၀–၁ မိုင် □ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာချင်းဆက်လမ်း	၁√ ၂□ ၃□ ၄□ ၅□	ကောင်း□ သင့်√ ညံ့ □	**ပွင့်လင်း ရာသီ √** **တစ်နှစ်ပတ်လုံး□**	၀–၁ မိုင် √ ၁–၅ မိုင် □ ၅–၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ ပွင့်လင်းရာသီ၌သာ အသုံးပြု၍ အဆင်ပြေပါသည်။ မိုးရာသီတွင် မိုးရေဝင်ရောက်မှုကြောင့် ဗွက်များထခြင်း၊ လမ်းပျက်စီးခြင်းများကြောင့် ကျေးရွာသူ/သားများနှင့် ကျောင်းသူ/သားများ အနေဖြင့် သွားလာရခက်ခဲလျှက်ရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် မြေသားလမ်းအားရိစာလမ်းခင်းခြင်းနှင့် လမ်းတစ်ဖက်တစ်ချက်တွင် ရေနူတ်မြောင်းတူးဖော်မည်ဆိုပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

(၅-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ √	၁ □ ၂ □ ၃ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ √	၁ □ ၂ □ ၃ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းပို့ဆောင်ဆက်သွယ်မှုမရှိပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၁၁၀	၁၂၂	၃		၅		

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်များကို အဓိက အသုံး ပြုပြီး ကား၊စက်ဘီး၊သုံးဘီးဆိုင်ကယ်စသည်တို့ကိုလည်းအနည်းငယ်အသုံးပြုကြပါသည်။ သံလွင်လမ်းမကြီး နှင့်နီးကပ်မှု ရှိသဖြင့် သယ်ယူပို့ဆောင်ဆက်သွယ်ရေးမှာ အဆင်ပြေလျှက်ရှိကြောင်း တွေ့ရှိရပါသည်။ သုံးဘီးဆိုင်ကယ်နှင့် ကားများကို သယ်ယူပို့ဆောင်ဆက်သွယ်ရေးတွင် အသုံးပြုလျှက်ရှိပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၅၁
ဆိုလာစနစ်	၁
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အား ပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၉

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့်နီးကပ်မှုရှိခြင်းကြောင့် ကျေးရွာရှိ အိမ်ထောင်စု(၉၃.၇၈%)မှာ လျှပ်စစ်မီးရရှိပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာ၊ ဘတ္ထရီစသည့်တို့ဖြင့် မီးရရှိ အောင် ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စု(၉)စုသည် လက်လုပ်လက်စားလုပ်ကိုင်သူများဖြစ်ပြီး စီးပွားရေးအဆင်မပြေသည့်အတွက် လျှစ်စစ်မီးသုံးစွဲနိုင်ခြင်းမရှိပါ။

(၅-၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၃၅	၂	၁၀၄

ရင်းမြစ်... **အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်းတာဝါတိုင်များ အနီးတွင်ရှိခြင်း၊ ကိုယ်ပိုင်ဖုန်း ကိုင်ဆောင်နိုင်မှုများခြင်း၊ သတင်းအချက်အလက်များ၊ ဗဟုသုတများသိရှိစေရန်အတွက် တီဗီ(၁၀၄)အိမ် (၆၄.၅၉%)ခန့်ရှိခြင်းကြောင့် ဗဟုသုတရရှိရေး၊ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ရရှိရေးတို့တွင် အဆင်ပြေ ကြောင်းတွေ့ရှိပါသည်။

(၆) ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၆	၂၆	၆၂
အလယ်တန်း	၃၄	၃၀	၆၄

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
အထက်တန်း	၁၇	၂၇	၄၄
တက္ကသိုလ်/ကောလိပ်	၈	၁၃	၂၁

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ခြဲနှမာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တက္ကသိုလ်ပညာဆက်လက်သင်ကြားနိုင်မှုတွင် အားနည်းကြောင်းတွေ့ရှိရပါသည်။ အလယ်တန်း၊ အထက်တန်းအဆင့်များသာ တတ်ရောက်သင်ကြားသူ များပြားပြီး တက္ကသိုလ်သို့ ဆက်လက်တက်ရောက်သူဦးရေမှာ အနည်းငယ်ခန့်သာရှိပါသည်။ ကျေးရွာတွင် အခြေခံအဆင့် စာသင်ကျောင်း များမရှိသည့်အတွက် ကျည်တောင်ကန်ကျေးရွာ၊ ရတနာဒီပရပ်ကွက်၊ပုဗ္ဗသီရိမြို့နယ်သို့ သွား ရောက်သင်ကြားရပါသည်။ စာသင်ကျောင်းသည် ကျေးရွာနှင့် (၁)မိုင်ခန့်သာ ကွာဝေးသည့်အတွက် ကျောင်းသူ/သားများအတွက် သွားလာရေး အခက်အခဲမရှိ ပညာသင်ကြားနိုင်ပါသည်။

(၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် √ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း √	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး √ ဆိုင်ကယ် √ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း			

အကြောင်းအရာ	(၁)	(၂)	(၃)
ကြမ်းခင်းဧရိယာ (စတုရန်းပေ)*			
c။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□	ကောင်း□ သင့်□ ညံ့□
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □	ကောင်း □ သင့် □ ညံ့ □ မရှိ □
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □

ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်									
ကျေးရွာခန့်									

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စာသင်ကျောင်းမရှိသည့်အတွက် အခြားကျေးရွာသို့ သွားရောက် သင်ကြားရပါသည်။ စာသင်ကျောင်းသည် ကျေးရွာနှင့် (၁)မိုင်ခန့်သာ ကွာဝေးသည့်အတွက် ကျောင်းသူ/သား များအတွက် သွားလာရေးအခက်အခဲမရှိ ပညာသင်ကြားနိုင်ပါသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပုံနှိပ်မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောခြင်း	*မြင့်*□	*နိမ့်*√	*မရှိ*□
၂	သွေးလွန်တုပ်ကွေး	*မြင့်*□	*နိမ့်*□	*မရှိ*√
၃	ငှက်ဖျား	*မြင့်*□	*နိမ့်*√	*မရှိ*□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*□	*နိမ့်*□	*မရှိ*√
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*□	*နိမ့်*□	*မရှိ*√
၆	တီဘီ	*မြင့်*□	*နိမ့်*√	*မရှိ*□
၇	ဆီးချို	*မြင့်*□	*နိမ့်*√	*မရှိ*□
၈	သွေးတိုး	*မြင့်*□	*နိမ့်*√	*မရှိ*□
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*□	*နိမ့်*□	*မရှိ*√

#	ရောဂါ	ပုံနှိပ်မှု/ဖြစ်ပွားမှု		
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	မရှိ√
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□	မရှိ√

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ နမ်းခင်းကြီးကျေးရွာတွင် ကျေးရွာသူ/သားသည် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ကျန်းမာရေးအခြေအနေ ကောင်းမွန်သောကျေးရွာဖြစ်ပါသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဧယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		မရှိ
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	ရှိ	
၃	ပိုလီယိုရောဂါ	ရှိ	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	ရှိ	
၅	ဝက်သက်ရောဂါ	ရှိ	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	ရှိ	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		
၈	အာဟာရ ပညာပေး အစီအစဉ်		

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ နမ်းခင်းကြီးကျေးရွာတွင် ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကာကွယ်ဆေးထိုးနှံမှုများ ပုံမှန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဧယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	**ခရီး အကွာအဝေး (မိုင်)**	**အခန်း/ကုတင် လုံလောက်မှု**
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ √ မရှိ □

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ √ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	ရှိ √ မရှိ □

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ နှမ်းခင်းကြီးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့အနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံတို့နှင့် နီးကပ်သည့်အတွက် ကျန်းမာရေးနှင့်ပတ်သတ်၍ အရေးပေါ်ကိစ္စရပ်များ တွေ့ကြုံခဲ့ပါက လွယ်ကူစွာ သွားရောက်ပြသနိုင်ပါသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကန်၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း	၁	ရှိ☐ မရှိ☐	ကောင်း√ သင့်☐ ညံ့☐	√
အဝိစိတွင်း/ စက်တပ်	-	ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	
အဝိစိတွင်း/ တုံကင်	၅၆	ရှိ√ မရှိ☐	ကောင်း☐ သင့်√ ညံ့☐	√
မိုးရေ သိုလှောင်ကန်		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။ ။ နမ်းခင်းကြီးကျေးရွာတွင် ကိုယ်ပိုင် ရေတွင်း၊အဝိစိ/တုံကင်တွင်းများ ရှိသဖြင့် သောက်သုံးရေရရှိမှုအတွက် လုံလောက်မှုရှိပါသည်။ ရေကြောင့်ဆက်စပ်ဖြစ်ပွါးသောရောဂါများ အထူးသဖြင့် ဝမ်းပျက်၊ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများမှာ အသင့်အတင့် ဖြစ်လေ့ဖြစ်ထ ရှိနေသည်ကို တွေ့ရှိရပါသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးပညာပေးမှုများမှာလည်း လိုအပ်လျက်ရှိကြောင်း တွေ့ရှိရ ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၀၀

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဧလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၃) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ နှမ်းခင်းကြီးကျေးရွာတွင် ကျေးရွာသူ/သားများအားလုံး ယင်လုံအိမ်သာများ ကိုသာ သုံးစွဲကြပါသည်။ အိမ်ဝိုင်း (၁) ဝိုင်းအတွင်းရှိ အိမ်ခွဲ မိသားစုများအနေဖြင့် ယင်လုံအိမ်သာ (၁)လုံး တည်းကိုသာ တွဲသုံးကြကြောင်းတွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေ

ဧယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	
၃	ရေကြီးခြင်း	
၄	မိုးခေါင်ခြင်း	
၅	အအေးလွန်ကဲခြင်း	
၆	မုန်တိုင်း	
၇	ငလျင်	
၈	မီးဘေး	
၉	ဆားငန်ရေဝင်မြေ	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	
၁၁	သစ်တောပြုန်းတီးခြင်း	
၁၂	၄က်ဖျားရောဂါ	
၁၃	တီဘီရောဂါ	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	
၁၅	ပြည်တွင်း ပဋိပက္ခ	
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	
၁၇	လူကုန်ကူးခြင်း	
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	

ရင်းမြစ် ... **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ။ နှမ်းခင်းကြီးကျေးရွာတွင် ထိခိုက်နိုင်သည့် ဘေးအန္တရာယ်ကျရောက်မှုများ အား လက်ရှိအခြေအနေထိ ကျရောက်ကြုံတွေ့ခဲ့ခြင်း မရှိသေးပါ။

(စ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းအမြစ်များ အခြေအနေ

အကြောင်းအရာ	အနှ ငှ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ		
အပင်မျိုးစိတ်များ		
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ		
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	တစ်နိုင်တစ်ပိုင်မွေးမြူးခြင်းဖြစ်ပြီးကာကွယ်ဆေးများကြိုတင်ထိုးထားခြင်းမရှိခြင်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်တိရစ္ဆာန်မွေးမြူသူများအနေဖြင့် မိုးတွင်းကာလတွင် မိုးရေများ ဝင်ရောက်လာမှုကြောင့် တိရစ္ဆာန်များထားရှိရန် အခက်အခဲဖြစ်သည့်အတွက် ဆုံးရှုံးမှုအနေအထားများတွေ့ရှိရပါသည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* √
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* √	*မရှိ* ☐
၃	**လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ**	*ရှိ* ☐	*မရှိ* √
၄	**အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု**	*ရှိ* √	*မရှိ* ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နှမ်းခင်းကြီးကျေးရွာတွင် ကျား-မ ရေးရာကဏ္ဍအနေဖြင့် အမျိုးသမီးများသည် အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှုများကြသဖြင့် အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

ကျေးရွာသာရေး၊နာရေး ကိစ္စရပ်များတွင် အမျိုးသမီးများတက်တက်ကြွကြွ ပါဝင်လုပ် ဆောင်ကြပါသည်။ အမျိုးသမီးများအား သံသယဖြစ်ဖွယ်ရာ အကြမ်းဖက်မှု (သို့မဟုတ်) တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာအကြမ်းဖက်မှု များအတွက် ဥပဒေနှင့်ပတ်သက်၍ ကျေးရွာလူထု၌ အသိပညာ ရှိပါကြသည်။

နှမ်းခင်းကြီးကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**စီမံအုပ်ချုပ်မှုစနစ်**					
	▪ အစုအဖွဲ့ဖြင့် စနစ်တကျ လုပ်ကိုင်ရာတွင် ပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အလေ့အထမရှိခြင်း	▪ အစဉ်အလာအရ ခေါင်းဆောင်ဆုံးဖြတ်သည့်အတိုင်း ဆောင်ရွက်ရန် အကျင့်ပါနေခြင်း။ ▪ လက်ရှိအဖွဲ့များ ချိတ်ဆက်မှုအား နည်းခြင်း။	▪ အချင်းချင်းရင်းနှီးခင်မြင်ကြခြင်း။ ▪ စည်းလုံးညီညွတ်မှုရှိခြင်း။	▪ ဆင်းရဲသားများ စိုးရိမ်သိမ်ငယ်စိတ်များရှိခြင်း။ ▪ အများရှေ့တွင် ပြောဆိုရမည်ကို ကြောက်ခြင်း။ ▪ အဖွဲ့အစည်းရှိ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမှု အား နည်းခြင်း။	▪ အဖွဲ့အစည်းဆိုင်ရာ သဘောတရားများကို နားလည်သဘောပေါက် စေရန် ရှင်းလင်းပြောပြခြင်း။ ▪ ကျေးရွာရှိ အဖွဲ့အစည်းများ စုပေါင်းဆုံးဖြတ် ချက်ချမှတ်မှု၊ သတင်းအချက်အလက် ဖြန့်ဝေ မှု၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု စနစ်များ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်	▪ ကျေးရွာရှိ အဖွဲ့အစည်းများအတွက် စွမ်းရည် မြှင့်တင်ရေး အစီအစဉ်များလုပ်ဆောင်သွားရန်။

					ခြင်း။	
စဉ်	**ပြဿနာ**	**အကြောင်းရင်း**	**အခြေအနေကောင်းများ**	**အဟန့်အတားနှင့် စိန်ခေါ်မှု**	**ဖြေရှင်းမည့်နည်းလမ်းများ**	**အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ**
၂	**မွေးမြူရေး**					
	▪ တိရစ္ဆာန်များ ရောဂါကျရောက်ခြင်း/ သေဆုံးခြင်း။ ▪ မွေးမြူရေး အကျိုးအမြတ်နည်းပါးခြင်း။	▪ အသိပညာအားနည်းခြင်း။ ▪ နည်းစနစ်မှန်ကန် စွာ မွေးမြူမှု မရှိခြင်း။ ▪ မွေးမြူထားသော တိရစ္ဆာန်များအား ရွာတွင်း ရေဝင်ရောက်ပါက ထား ရန် နေရာမရှိ ခြင်း။	▪ မွေး/ကုဋီးစီးဌာန ရှိခြင်း။ ▪ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် လိုစိတ်ရှိခြင်း။ ကျေးရွာသူ/သား အချို့မှာ မွေးမြူရေး ကို တစ်ပိုင်တစ်နိုင် မွေးမြူကြခြင်း။	▪ ကြိုတင်ကာကွယ် ဆေးထိုးရန် ငွေကုန်မခံလိုခြင်း။ နည်းစနစ်ကျကျ မွေးမြူနည်းများ သိရှိလိုက်နာမှု အားနည်းခြင်း။ ▪ မွေး/ကုဋီးစီးဌာန နှင့် ချိတ်ဆက် မှု အားနည်း ခြင်း။	▪ ဝန်ဆောင်မှု ပြည့်ဝစွာ ရရန် မွေး/ကုဋီးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။	▪ မွေးမြူရေး ဆိုင်ရာ အသိပညာများ တိုးတက်အောင် ဆောင်ရွက်သွားရန်။ ▪ မျိုးကောင်းများ မွေးမြူနိုင်ရေးဆောင်ရွက်သွားရန်။
၃	**စိုက်ပျိုးမွေးပြူရေးမဟုတ်သော ဝင်ငွေရသောလုပ်ငန်းများ**					
	▪ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း။	▪ ဒေသခံများ အခြေခံပညာ	▪ အသက်မွေးဝမ်း ကျောင်းသင်တန်း	▪ ကျေးရွာသူ/ သားများမှ သင်	▪ အသက်မွေးဝမ်း ကျောင်းသင်တန်း	▪ အသက်မွေးဝမ်း ကျောင်းသင်တန်း

	▪ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများ တတ်မြောက်သူ နည်းပါးခြင်း။	အားနည်းခြင်း။ ▪ ဒေသတွင်းစက်ရုံ၊ အလုပ်ရုံများ မရှိခြင်း။	များဖွင့်လှစ်ပေးသည့် ဦးစီးဌာန များရှိခြင်း။	တန်းတက် ရောက်ရန်သွား လာရေးတွင် ကုန်ကျ စရိတ် မဓိုက်ထုတ်နိုင် ခြင်း။	များ ဖွင့်လှစ်ပေး သည့် ဌာန ဆိုင်ရာ များ၊ အဖွဲ့ အစည်း များအား ချိတ် ဆက် ဆောင်ရွက်ရန်။	များ ဖွင့်လှစ်ပို့ချရန်။
စဉ်	**ပြဿနာ**	**အကြောင်းရင်း**	**အခြေအနေကောင်းများ**	**အဟန့်အတားနှင့် စိန်ခေါ်မှု**	**ဖြေရှင်းမည့်နည်းလမ်းများ**	**အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ**
၄	**ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**					
	▪ လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ရန် အတွက် ချေးငွေ ရရှိမှု မလုံ လောက်/ နည်းပါးခြင်း။ ▪ ဘဏ်/ငွေကြေးဝန် ဆောင်မှု အဖွဲ့အစည်း များနှင့် ချိတ်ဆက်မှု အားနည်းခြင်း။	▪ ဘဏ်ဝန်ဆောင်မှုများနှင့် အလှမ်းဝေးခြင်း။ ▪ အစိုးရ ချေးငွေများတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုနည်းပါးခြင်း။	▪ ချေးငွေများ မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်သည့် အလေ့ အထရှိခြင်း။ ▪ ချေးငွေရရှိပါကတစ်ပိုင်တစ်နိုင် လုပ်ငန်းများ လုပ်ကိုင်လိုစိတ်ရှိခြင်း။	▪ ပုဂ္ဂလိက/အစိုးရ ဘဏ်များမှ သတ်မှတ်ထား သောပုံစံများ/ အထောက် အထားများ ပြည့်စုံစွာ မရှိ ခြင်း။	▪ သက်ဆိုင်ရာ အဖွဲ့အစည်းများ/ဌာန များ သို့ ပံ့ပိုးပေးနိုင်ရေး ချိတ်ဆက် ဆောင်ရွက် ခြင်း။	▪ လုပ်ငန်းအရင်းအနှီး အတွက် ချေးငွေရရှိ ရေး(အတိုးနည်း) လမ်းကြောင်းများ ဖော်ထုတ်ရန်။ ဘဏ်များ/ငွေကြေး ဝန်ဆောင်မှု အဖွဲ့ များ နှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ ▪ လက်ရှိအစိုးရဌာန များမှ

						ထုတ်ချေးနေ သည့် ချေးငွေများ တင်ပြတောင်းဆို ရန်။
၅	**ပညာရေး**					
	▪ စာပေ ဗဟုသုတနှင့် အသိပညာ အားနည်း ခြင်း။	▪ စာဖတ်ရှုရန် စာကြည့်တိုက် မရှိခြင်း။	▪ ကျေးရွာသူ/သားများ အနေဖြင့် စာဖတ်ရန် စိတ်ဝင်စ	▪ စာအုပ်များ ဝယ် ယူဖတ်ရှုရန် ကြေးအသုံး ပြုမှု ပါး ခြင်း။	▪ ပြန်/ဆက်ဦးစီးဌာန နှင့်ဆက်သွယ် ဆောင် ရွက်သွား ခြင်း။	▪ စာကြည့်တိုက် ဆောက်လုပ်ရန်။ ▪ စာအုပ်များအလှူခံ ခြင်း
စဉ်	**ပြဿနာ**	**အကြောင်းရင်း**	**အခြေအနေကောင်း များ**	**အဟန့်အတားနှင့် စိန်ခေါ်မှု**	**ဖြေရှင်းမည့်နည်းလမ်း များ**	**အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ**
၆	**ကျန်းမားရေး**					
	▪ ကျေးရွာတွင် ကျန်းမာ ရေး လိုအပ်ချက်ရှိခြင်း။	▪ ကျန်းမာရေးဆိုင် ရာအသိပညာ အားနည်းခြင်း။ ▪ ကျေးလက် ဆေး ပေးခန်း မရှိခြင်း။	▪ ကျေးလက်ကျန်းမာ ရေးဌာနခွဲတိုက်နယ် ဆေးရုံ၊မြို့နယ်ဆေး ရုံများနီးကပ်ခြင်း၊ တစ်မိုင်အတွင်းသာ ရှိခြင်း။	▪ ငွေကြေး မလုံ လောက်ခြင်း။	▪ ကျန်းမာရေးဦးစီး ဌာန နှင့်ဆက်သွယ် ဆောင် ရွက်သွား ခြင်း။	▪ ကျေးလက် ဆေးပေး ခန်း ဆောင်ရွက်ရန် ▪ ကျန်းမာရေးအသိ ပညာ ပေး ဟောပြော ပွဲများ ဆောင် ရွက် ရန်။
၇	**လမ်း၊တံတား၊လျှပ်စစ်**					

	▪ ရေနူတ်မြောင်းများ ဆောင်ရွက်ရန် လိုအပ် နေခြင်း။	▪ လက်ရှိပြုလုပ် ထားသော ပြွန် များ ပျက်စီးသွား ခြင်း။	▪ ကျေးရွာမှ ပြုပြင် သည့်အခါ လူအင် အား တက်ကြွစွာ ပါဝင်နိုင်ခြင်း။ ▪ ရေနူတ်မြောင်းတစ် လျှောက် ကိုယ်ထူ ကိုယ်ထ စနစ်ဖြင့် ရေထွက်မြောင်းများ တူးဖော်ခြင်း။	▪ ငွေအင်အား မလုံလောက် ခြင်း။	▪ ကျေးလက်ဦးစီးဌာ နနှင့်ဆက်သွယ် ဆောင်ရွက် သွား ရန်။	▪ ရေနူတ်မြောင်း များ ပြုလုပ်သွားရန်။
စဉ်	**ပြဿနာ**	**အကြောင်းရင်း**	**အခြေအနေကောင်း များ**	**အဟန့်အတားနှင့် စိန်ခေါ်မှု**	**ဖြေရှင်းမည့်နည်းလမ်း များ**	**အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ**
၇	**လမ်း၊တံတား၊လျှပ်စစ်**					
	▪ ရွာတွင်းလမ်းများ မကောင်းခြင်း	▪ မြေသားလမ်း ဖြစ်နေခြင်း။ ▪ မိုးရာသီလမ်းပေါ် ရေကျော်သဖြင့် လမ်းများပျက်စီး ခြင်း။	▪ ကျေးရွာမှ လမ်း ပြုပြင်သည့် အတွေ့ အကြုံရှိခြင်းအခြား သော ရွာတွင်း လမ်း များအား ပြုပြင်ထား ခြင်း။	▪ ငွေအင်အား မလုံလောက် ခြင်း။	▪ ကျေးလက်ဦးစီးဌာ နနှင့်ဆက်သွယ် ဆောင်ရွက် သွား ရန်။	▪ ရွာတွင်းလမ်း အား ရိစာခင်းရန်။

			▪ ကျေးရွာမှ ပြုပြင်သည့်အခါ လူအင်အား တက်ကြွစွာ ပါဝင်နိုင်ခြင်း။			